# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၇ ) ၂၀၂၆ ခုနှစ် မတ်လ ၆ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | အီလက်ထရောနစ်အငွေ့ရှူစက်နှင့်ဆက်စပ်ပစ္စည်းများကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်တားမြစ်ခြင်း | ၂ - ၄ |
| ၂။ | ကမ္ဘောဒီးယားနိုင်ငံတွင် ဗြိတိန်နိုင်ငံသားနှစ်ဦးအား တရားမဝင်မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း | ၅ - ၆ |
| ၃။ | ဗီယက်နမ်နိုင်ငံ၏ဉာဏ်ရည်တုဆိုင်ရာဥပဒေ (Law on Artificial Intelligence) စတင်အာဏာတည်ခြင်းနှင့် အာဆီယံဒေသတွင်း နည်းပညာစံနှုန်းသစ်တစ်ရပ်ဖြစ်လာနိုင်မှုအပေါ် လေ့လာဆန်းစစ်တင်ပြခြင်း | ၇ - ၉ |
| ၄။ | မော်ရိုကိုနိုင်ငံအစိုးရက ကမ္ဘာ့စံနှုန်းများနှင့်ကိုက်ညီစေရန် အဆင့်မြင့်ပညာရေးစနစ်ကို အတည်ပြု | ၁၀-၁၁ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၇ ) ၂၀၂၆ ခုနှစ် မတ်လ ၆ ရက်

## အီလက်ထရောနစ်အငွေ့ရှူစက်နှင့် ဆက်စပ်ပစ္စည်းများကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်တားမြစ်ခြင်း

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်လူဦးရေ ၈ သန်းကျော်သည် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နာတာရှည် အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာစသည့် မကူးစက်နိုင်သည့် ရောဂါများဖြစ်ပွားပြီး အရွယ်မတိုင်မီ သေဆုံးနေရသည်ကို တွေ့ရှိရကြောင်း၊ သေဆုံးသူ ၈ သန်းကျော်အနက်မှ ၁.၂ သန်းကျော်သည် တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် အသက်ဆုံးရှုံးရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ အချက်အလက်များအရ တွေ့ရှိရပါသည်။

ပြောင်းလဲလာသည့်ယနေ့ခေတ်တွင် အီလက်ထရောနစ်စီးကရက်(E-cigarette)သည် ခေတ်သစ်နည်းပညာဖြင့် ထုတ်လုပ်ထားသော ဆေးလိပ်အစားထိုးပစ္စည်းတစ်မျိုးဖြစ်ပြီး ပုံမှန်စီးကရက်ကဲ့သို့ မီးရှို့သောက်သုံးခြင်းမဟုတ်ဘဲ လျှပ်စစ်ဖြင့် Liquidကို အပူပေးကာ အသုံးပြုသည့်ပစ္စည်းဖြစ်ကြောင်း၊ E-cigarette ထုတ်လုပ်သူများက ဆေးလိပ်ဖြတ်ရန် အစားထိုးပစ္စည်းအဖြစ် ကြော်ငြာရောင်းချနေသော်လည်း လက်တွေ့တွင် Dual Use ဖြစ်သွားသည့် သာဓကများလည်း တွေ့ရှိရကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ အစီရင်ခံစာများအရ E-cigarette သုံးစွဲမှုသည် အထူးသဖြင့် လူငယ်များအကြား မြန်ဆန်စွာမြင့်တက်နေပြီး WHO Global Youth Tobacco Survey အရ အချို့နိုင်ငံများရှိ ဆယ်ကျော်သက်များ၏ E-cigaretteအသုံးပြုမှုသည် ပုံမှန်စီးကရက်အသုံးပြုမှုထက် မြင့်မားနေသည်ကို တွေ့ရှိရကြောင်း၊ Centers for Disease Control and Prevention (CDC)၏ အမေရိကန်နိုင်ငံစစ်တမ်းများအရ အထက်တန်းကျောင်းသားများတွင် E-cigarette သည် အသုံးအများဆုံးဆေးလိပ်ပုံစံဖြစ်ကြောင်း၊ CDC National Youth Tobacco Survey 2020 အရ အမေရိကန်အထက်တန်းကျောင်းသားများ၏ ၁၉ရာခိုင်နှုန်းခန့်သည် Vapeအသုံးပြုနေသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏အချို့သောလူငယ်လူရွယ်များနှင့် ကျောင်းနေအရွယ် ကလေးသူငယ်များကြားတွင်

လည်း အီလက်ထရောနစ် အငွေ့ရှူစက် (Electronic Smoking Device)များကို ယဉ်ကျေးမှုသဖွယ် အသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ STEPs Survey Myanmar 2024 သုတေသနစစ်တမ်းများအရ အသက် ၁၈ နှစ်မှ ၆၉ နှစ်အတွင်း E–cigarette သောက်သုံးမှု ၂.၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

Global Center for Good Governance in Tobacco Control ၏ အချက်အလက်များအရ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၃၉ နိုင်ငံတွင် အီလက်ထရောနစ်အငွေ့ရှူစက် (Electronic Smoking Device)များ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းကို ဥပဒေအရ တားမြစ်ထားပြီးဖြစ်သကဲ့သို့ အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့တွင် အီလက်ထရောနစ်အငွေ့ရှူစက် (Electronic Smoking Device)များ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းအပြင် ရောင်းချခြင်းတို့ကိုလည်း တားမြစ်ထားသည်ကို တွေ့ရှိရပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၅)နှင့် (၂/၂၀၂၅)တို့တွင် အီလက်ထရောနစ်အငွေ့ရှူစက် (Electronic Smoking Device) သုံးစွဲမှုများကို ဥပဒေအရ တားဆီးနိုင်ရေးအတွက် ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း၊အီလက်ထရောနစ်အငွေ့ရှူစက် (Electronic Smoking Device) အသုံးပြုပစ္စည်းများသည် အနာဂတ်မျိုးဆက်သစ်များ၏ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး ပြည်သူ့ကျန်းမာရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေါ်လာနိုင်ကာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်ဖြစ်သည့် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရာတွင် အဟန့်အတားဖြစ်ပေါ်လာနိုင်သဖြင့် အီလက်ထရောနစ်အငွေ့ရှူစက် (Electronic Smoking Device)များ၏ အန္တရာယ်မှကာကွယ်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုအစိုးရအဖွဲ့က ၁၂-၂-၂၀၂၆

ရက်စွဲပါ အမိန့်အမှတ် ၈/၂၀၂၆ ဖြင့် အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ယင်းဥပဒေပုဒ်မ ၉ အရ ကုန်စည်များအပေါ် တားမြစ်မိန့် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းအမိန့်တွင် အီလက်ထရောနစ်အငွေ့ရှူစက် (Electronic Smoking Device) ဖြစ်သည့် အီလက်ထရောနစ်စီးကရက် (Electronic Cigarette)၊ ယင်းအီလက်ထရောနစ်စီးကရက် ကဲ့သို့ အလားတူပစ္စည်းနှင့် ယင်းတို့၏ဆက်စပ်ပစ္စည်း ၁၂ မျိုးကို လည်းကောင်း၊ အပူပေးအငွေ့ရှူစက် (Heated Smoking Device)၊ ယင်းအပူပေးအငွေ့ရှူစက်ကဲ့သို့ အလားတူပစ္စည်းနှင့် ယင်းတို့၏ ဆက်စပ်ပစ္စည်း ၁၄ မျိုးကိုလည်းကောင်း၊ အီလက်ထရောနစ်အငွေ့ရှူစက် (Electronic Smoking Device)ဖြစ်သည့် အီလက်ထရောနစ်ရှီရှား (Electronic Shisha)၊ ယင်းအီလက်ထရောနစ်ရှီရှား ကဲ့သို့ အလားတူပစ္စည်းနှင့် ယင်းတို့၏ဆက်စပ်ပစ္စည်း ၁၆ မျိုးကို လည်းကောင်း အရေးကြီး ကုန်စည်အဖြစ် သတ်မှတ်ခဲ့ပြီး အဆိုပါကုန်စည်များ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း သို့မဟုတ် စားသုံးခြင်းပြုပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊
အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်
လုပ်ထုံးလုပ်နည်းများ စိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် -

ကျန်းမာရေးဝန်ကြီးဌာန http://ww.moh.gov.mm

အင်တာနက်သတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၇ )		၂၀၂၆ ခုနှစ် မတ်လ ၆ ရက်

## ကမ္ဘောဒီးယားနိုင်ငံတွင် ဗြိတိန်နိုင်ငံသားနှစ်ဦးအား တရားမဝင် မူးယစ်ဆေးဝါးမှောင်ခိုမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တော်တရားရုံးက ၂၀၂၆ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ထုတ်ပြန်သော စီရင်ချက်တစ်ခုအရ ဗြိတိန်နိုင်ငံသားနှစ်ဦးအား တရားမဝင်marijuana ဆေးခြောက် (*cannabis*)ကို မှောင်ခိုကုန်ကူးသည့်ပြစ်မှုဖြင့် ပြင်းထန်သောပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရပါသည်။

တရားရုံး၏စီရင်ချက်အရ ဗြိတိန်နိုင်ငံသားများဖြစ်သည့် အသက် ၄၁ နှစ်ရှိသော Robert Brown သည် ထောင်ဒဏ် ၁၄ နှစ်၊ အသက် ၂၈ နှစ်ရှိသော Hogg Jordan James သည် ထောင်ဒဏ် ၁၀ နှစ် ကျခံရမည့်ပြင် ငွေဒဏ်အဖြစ် အမေရိကန်ဒေါ်လာ ၆၀၀၀ ခန့်နှင့် ညီမျှသော ကမ္ဘောဒီးယား riels ၂၄ သန်းစီကို ပေးဆောင်ရမည်ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တော်တရားရုံး၏ အကြီးအကဲဖြစ်သူ Tithsothy Borachat က ထုတ်ပြန်သောစီရင်ချက်တွင် Robert Brown နှင့် Hogg Jordan James တို့အား LAW ON CONTROL OF DRUGS, Article 40 နှင့် 45 အရ မူးယစ်ဆေးဝါးသုံးစွဲမှု၊ လက်ဝယ်ထားမှု၊ ကူးသန်းရောင်းဝယ်မှုနှင့် သယ်ယူပို့ဆောင်မှုများဖြင့် စွဲချက်တင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

Robert Brown နှင့် Hogg Jordan James တို့သည် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် marijuana ဆေးခြောက်(*cannabis*) ၁၉.၉ ကီလိုဂရမ်ကို ကမ္ဘောဒီးယားနိုင်ငံမှ ဗြိတိန်နိုင်ငံသို့ ဖနွမ်းပင်နိုင်ငံတကာလေဆိပ်မှတစ်ဆင့် မှောင်ခိုကုန်ကူးရန်အားထုတ်ခဲ့သောကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ဥပဒေအရ ပြစ်မှုကျူးလွန်သူများသည် စီရင်ချက်အပေါ် တစ်လအတွင်း အယူခံတင်သွင်းခွင့်ရှိပါသည်။

ဤဖြစ်ရပ်သည် အာဆီယံဒေသတွင်းဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၌ နိုင်ငံတကာလေဆိပ်များမှတဆင့် ကျူးလွန်သော မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည့်ပြစ်မှုများအတွက် ပြင်းထန်သော အရေးယူမှုကို ထင်ဟပ်စေသည့် ဆောင်ရွက်မှုဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://cambodianess.com/

http://www.xinhuanet.com

**ဗီယက်နမ်နိုင်ငံ၏ဉာဏ်ရည်တုဆိုင်ရာဥပဒေ (Law on Artificial Intelligence) စတင်အာဏာတည်ခြင်းနှင့် အာဆီယံဒေသတွင်း နည်းပညာစံနှုန်းသစ်တစ်ရပ် ဖြစ်လာနိုင်မှုအပေါ် လေ့လာဆန်းစစ်တင်ပြခြင်း**

ဗီယက်နမ်နိုင်ငံ၏ ဉာဏ်ရည်တုဆိုင်ရာဥပဒေ (Law on Artificial Intelligence)သည် ၂၀၂၆ ခုနှစ်၊ မတ်လ ၁ ရက် (တနင်္ဂနွေနေ့)တွင် စတင်အာဏာတည်ခဲ့ပြီး အရှေ့တောင်အာရှဒေသတွင်း၌ AI နည်းပညာကို သီးခြားဥပဒေမူဘောင်တစ်ခုဖြင့် ပထမဆုံးအကြိမ် ထိန်းကျောင်းလိုက်ခြင်းဖြစ်ပါသည်။ ဤဥပဒေသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို ဗဟိုမှစနစ်တကျကြီးကြပ်ကွပ်ကဲရန် ရည်ရွယ်ပြီး ၂၀၂၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော Law on Digital Technology Industry(ဒစ်ဂျစ်တယ်နည်းပညာစက်မှုလုပ်ငန်းဥပဒေ)တွင် ပါဝင်သည့် AIနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို လွှမ်းမိုးအစားထိုး ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းသည် ဗီယက်နမ်နိုင်ငံအား ဒေသတွင်း နည်းပညာဗဟိုချက်ဖြစ်လာစေရန် စတင်အကောင်အထည်ဖော်ခြင်းဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ဉာဏ်ရည်တုနည်းပညာ၏ ဘေးထွက်ဆိုးကျိုးများကို ဥပဒေကြောင်းအရ အကာအကွယ်ပေးနိုင်ရန် ပြင်ဆင်လိုက်ခြင်းဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံ၏ AI ဥပဒေသစ်သည် ဥရောပသမဂ္ဂ၏ EU AI Act ပါ အခြေခံသဘောတရားများကို မှီငြမ်းရေးဆွဲထားသော်လည်း ၎င်းတို့နှင့်မတူညီသည့် ထူးခြားသော ဝိသေသလက္ခဏာများ ပါဝင်နေပါသည်။ EUသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် လူ့အခွင့်အရေးစံနှုန်းများကို အဓိကထားသော်လည်း ဗီယက်နမ်နိုင်ငံသည် "ဒစ်ဂျစ်တယ်အချုပ်အခြာအာဏာ (Digital Sovereignty)" နှင့် မိမိနိုင်ငံ၏ AI စွမ်းဆောင်ရည်မြှင့်တင်ရေးကိုသာ ပိုမိုဦးစားပေးထားပါသည်။ ဤဥပဒေတွင် AI အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် မူပိုင်ခွင့်ချိုးဖောက်မှုများ၊ သတင်းအမှား ဖြန့်ဝေမှုများနှင့်

Deepfakes ဟု ခေါ်သည့် ရုပ်သံအတုများ၏ဆိုးကျိုးများကို ကာကွယ်ရန်အတွက် တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ တင်းကျပ်သောစည်းမျဉ်းများကို ချမှတ်ထားပါသည်။

နည်းပညာဆိုင်ရာထိန်းကျောင်းမှုများကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် အဓိကဦးဆောင်သည့်အဖွဲ့အစည်းအဖြစ် တာဝန်ယူမည်ဖြစ်ပါသည်။ ဝန်ကြီးဌာနသည် AI စနစ်များအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များအတွက် အမျိုးသား AI ဒေတာဘေ့စ်(National AI Database)တစ်ခုကို တည်ထောင်စီမံခန့်ခွဲသွားမည်ဖြစ်သည်။ ဤဒေတာဘေ့စ်သည် နိုင်ငံအတွင်း အသုံးပြုနေသော AI စနစ်များ၏ လုံခြုံရေးအဆင့်အတန်းကို စစ်ဆေးနိုင်မည့် ဗဟိုချက်ဖြစ်လာမည်ဖြစ်ပြီး ဥပဒေကို ဖောက်ဖျက်ကာ အများပြည်သူအား အန္တရာယ်ဖြစ်စေမည့် AI အသုံးပြုမှုများကို အချိန်နှင့်တပြေးညီ တားဆီးနိုင်ရန် ရည်ရွယ်ပါသည်။

ထို့အပြင် ဗီယက်နမ်အစိုးရသည် AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန် အမျိုးသား AI ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ (National AI Development Fund) ကို အသစ်ဖွဲ့စည်းပြီး ဒေတာစင်တာများ တည်ဆောက်ခြင်း၊ နည်းပညာသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် AIနှင့် Semiconductor ထုတ်လုပ်မှုကဏ္ဍများကို ပံ့ပိုးပေးခြင်းတို့တွင် အဓိက အသုံးပြုသွားမည် ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ဗီယက်နမ်နိုင်ငံ အနေဖြင့် နည်းပညာဈေးကွက်အသစ်များသို့ ဝင်ရောက်ရန်နှင့် ဒေသတွင်းနည်းပညာခေါင်းဆောင် ဖြစ်လာရန် ကြိုးပမ်းမှု၏ ကနဦးခြေလှမ်းပင် ဖြစ်ပါသည်။

ဥပဒေကြောင်းအရ သုံးသပ်ရလျှင် ဗီယက်နမ်နိုင်ငံ၏ Law on Artificial Intelligence ဥပဒေသည် နည်းပညာကုမ္ပဏီကြီးများ၏ လွှမ်းမိုးမှုမှကာကွယ်ရန်နှင့် နိုင်ငံသားများ၏ အချက်အလက် လုံခြုံမှုကို ထိန်းသိမ်းရန်အတွက် ပြတ်သားသော အမိန့်အာဏာကို ကျင့်သုံးထားခြင်းဖြစ်သည်။ EU

နှင့်မတူဘဲ မိမိနိုင်ငံ၏ နည်းပညာအချုပ်အခြာအာဏာကို ဦးစားပေးခြင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု အနေဖြင့် နိုင်ငံတကာနည်းပညာကုမ္ပဏီများအပေါ် မှီခိုနေရမှုကို လျှော့ချလိုသည့်သဘောလည်း ဖြစ်သည်။ဤဥပဒေသည် အနာဂတ်တွင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက်လည်း ၎င်းတို့၏ ကိုယ်ပိုင် AI မူဝါဒများရေးဆွဲရာတွင် စံနမူနာယူစရာ သို့မဟုတ် နှိုင်းယှဉ်လေ့လာစရာ အဓိကကျသော ဥပဒေမူဘောင်တစ်ခု ဖြစ်လာနိုင်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဗီယက်နမ်နိုင်ငံ၏ Law on Artificial Intelligence ဥပဒေသည် နည်းပညာနှင့် ဥပဒေကို ဟန်ချက်ညီအောင် ပေါင်းစပ်လိုက်ခြင်းဖြစ်ပြီး ဒစ်ဂျစ်တယ်ခေတ်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဥပဒေကြောင်းအရ မည်သို့ကာကွယ်ရမည်ကို ပြသလိုက်ခြင်း ပင်ဖြစ်ပါသည်။

ကြီးကြပ်စီမံရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.jurist.org/news/2026/03/vietnam-implements-sweeping-ai-law/

https://vietnamnet.vn/en/vietnam-to-establish-national-ai-development-fund-2495408.html

## မော်ရိုကိုနိုင်ငံအစိုးရက ကမ္ဘာ့စံနှုန်းများနှင့် ကိုက်ညီစေရန် အဆင့်မြင့်ပညာရေးစနစ်ကို အတည်ပြု

မော်ရိုကိုအစိုးရသည် ၂၀၂၆ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့ ကြာသပတေးနေ့တွင် အဆင့်မြင့်ပညာရေးနှင့် သိပ္ပံသုတေသနအကဲဖြတ်ခြင်းနှင့် အရည်အသွေးအာမခံချက်ဆိုင်ရာ အမျိုးသားအေဂျင်စီကို ထိန်းချုပ်သည့်ဥပဒေအမှတ် ၈၀/၁၂ ကို ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းဆိုင်ရာဥပဒေမူကြမ်းအမှတ် ၆၈/၂၅ ကို အတည်ပြုခဲ့သည်။

အဆင့်မြင့်ပညာရေးနှင့် သိပ္ပံနည်းကျသုတေသနအဖွဲ့အစည်းများကို ကြီးကြပ်၍ ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာမူဘောင်ကို ခေတ်မီအောင်ပြုလုပ်ရန် ရည်ရွယ်ချက်ဖြစ်ပြီး မော်ရိုကို၏အကဲဖြတ်စံနှုန်းများကို နိုင်ငံတကာအသိအမှတ်ပြုထားသည့် အကောင်းဆုံးလက်တွေ့ကျင့်သုံးမှုများနှင့် ကိုက်ညီစေရန် အဆင့်မြင့်ပညာရေးနှင့် သုတေသန၏အရည်အသွေးကို မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူနှင့် လွှတ်တော်နှင့်ဆက်ဆံရေးတာဝန်ခံဝန်ကြီး ကိုယ်စားလှယ် Mustapha Baitas က ပြောကြားခဲ့ပါသည်။

အဆိုပါ ဥပဒေအသစ်တွင် အေဂျင်စီများ၏ လုပ်ငန်းတာဝန်များ၊ အဆင့်မြင့်ပညာရေးနှင့်သုတေသနအကဲဖြတ်ခြင်းတွင် ပါဝင်သော အခြားအဖွဲ့အစည်းများဆိုင်ရာ အကျိုးတူပါဝင်သူများနှင့် ၎င်းတို့၏ အပြန်အလှန်ဆက်ဆံရေးကို ရှင်းလင်းစွာဖော်ပြထားပါသည်။ အကဲဖြတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အေဂျင်စီအတွက် လုပ်ငန်းတာဝန်အသစ်များကိုလည်း ဖော်ပြထားပါသည်။ထို့ပြင် ဥပဒေအရ အေဂျင်စီ၏တရားဝင်အမည်ကို မော်ရိုကိုအဆင့်မြင့်ပညာရေးနှင့် သိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများ အကဲဖြတ်ခြင်းနှင့် အရည်အသွေးအာမခံချက်အေဂျင်စီဟု ပြောင်းလဲခဲ့ပြီး ဥပဒေ၏ကျယ်ပြန့်သော လုပ်ပိုင်ခွင့်ကို ပြသလိုက်ခြင်းဖြစ်ပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် -

https://www.moroccoworldnews.com/2026/02/280929/government-approves-law-to-align-higher-education-evaluation-with-global-standards/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

